# တတြမဇ္ဈတ္တတာနှင့် ဥပေက္ခာ-ဗြဟ္မဝိဟာရ

**တတြမဇ္ဈတ္တတာ**- ဟူသည်

မိမိနှင့် ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ်တရားတို့၏ မိမိတို့ဆိုင်ရာ လုပ်ငန်းကိစ္စများ၌ အပိုအလိုမရှိ၊ အလယ်အလတ် တည့်မတ်အောင် ပြုလုပ်ပေးတတ်၏။ ဥပမာ- ဖဿ၏ တွေ့ထိပေးမှု ဖုသနကိစ္စ, ဝေဒနာ၏ ခံစားမှု အနုဘဝနကိစ္စ... စသည့်ကိစ္စများ၌ ယုတ်လည်း မယုတ်, လွန်လည်း မလွန်ဘဲ တည့်မတ်စွာ ဖြစ်နေကြခြင်းသည် ဤတတြမဇ္ဈတ္တတာ စေတသိက်ကြောင့်ပင် ဖြစ်သည်။

"လျစ်လျူရှုခြင်း သဘောရှိ၏ဟု ယောဂီဉာဏ်အားထင်သည်"- ဆိုရာ၌ "လျစ်လျူရှုခြင်း"ဟူသည် "ဂရုမစိုက်ဘဲ ပစ်ထားခြင်း"ဟု မမှတ်ရ။ မြင်းနှစ်ကောင် ကပ်ယှဉ်၍ မောင်းနှင်နေသော မြင်းရထားထိန်းသည် မြင်းနှစ်ကောင် တစ်ကောင်က တစ်ကောင်ကို မလွန်ပဲ အညီအမျှ သွားနေလျှင် ထိုမြင်းများကို ကြိုးလဲမဆွဲ, နှင်တံဖြင့်လည်း မတို့ရဘဲ လျစ်လျူပြုနေသကဲ့သို့ ဆိုင်ရာကိစ္စ၌ အညီအမျှ ဆောင်ရွက်နေကြသော သမ္ပယုတ်တရားတိုကို ဗျာပါရမပြုရဘဲ သင့်တင့်သောအားဖြင့် ရှုနေခြင်းကို "လျစ်လျူရှု"သည်ဟု ဆိုသည်။

(**တတြမဇ္ဈတ္တတာ = ညီမျှအောင် ဆောင်ထားမှု၊ လျစ်လျူရှုမှု**)

**ဥပေက္ခာ ဗြဟ္မဝိဟာရ**

ဗြဟ္မဝိဟာရလေးပါး၌ ပါသော 'ဥပေက္ခာဗြဟ္မဝိဟာရ'ဟူသည်မှာလည်း ဤတတြမဇ္ဈတ္တတာ ပင်တည်း။ ဤ၌ **ဥပေက္ခာဗြဟ္မဝိဟာရ ဟူသည်ကား ထိုထို သတ္တဝါတို့၌ လျစ်လျူရှုခြင်းကို** ခေါ်သည်။ ထိုကြောင့် "သတ္တဝါ ပညတ်အာရုံကို အာရုံပြုသော ဥပေက္ခာဗြဟ္မဝိဟာရ"ဟု ဆိုလျှင် တရားကိုယ်မှာ ဤ**တတြမဇ္ဈတ္တတာ**ပင်တည်း။

သို့သော် တတြမဇ္ဈတ္တတာ ဟူသမျှကိုကား ဥပေက္ခာဗြဟ္မဝိဟာရဟု မမှတ်ရ။ ဘုရားဖူး, တရားနာစသော ကိစ္စတို့၌ပါသော တတြမဇ္ဈတ္တတာသည် ဥပေက္ခာဗြဟ္မဝိဟာရ မဟုတ်ပေ။

(သင်္ဂြိုဟ်ဘာသာဋီကာ၊ နှာ၊ ၁၄၁-၂)